**မကွေးတိုင်းဒေသကြီးပြတိုက်နှင့် စာကြည့်တိုက်များဥပဒေ**

**(၂၀၁၉ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂။)**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၁ ရက်**

**(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)**

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မကွေးတိုင်းဒေသကြီးပြတိုက်နှင့် စာကြည့်တိုက်များဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ မကွေးတိုင်းဒေသကြီးကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ပြတိုက်နှင့် စာကြည့်တိုက်ဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရန် အစိုးရအဖွဲ့က တာဝန်ပေးအပ်သောဝန်ကြီးကို ဆိုသည်။

(ဃ) **ပြတိုက်** ဆိုသည်မှာ အများပြည်သူလေ့လာကြည့်ရှုရန်ရည်ရွယ်၍ ရှေးဟောင်းပစ္စည်းများ၊ လောကဓာတ်သိပ္ပံဆိုင်ရာပစ္စည်းများ၊ အနုပညာလက်ရာများ၊ စာပေများ၊ ဗဟုသုတဖြစ်ဖွယ် သို့မဟုတ် စိတ်ဝင်စားဖွယ်အခြားဝတ္ထုပစ္စည်းများခင်းကျင်းပြသထားသည့် နေရာ၊ အခန်း သို့မဟုတ် အဆောက် အအုံတို့ကို ဆိုသည်။

(င) **စာကြည့်တိုက်** ဆိုသည်မှာ အများပြည်သူ စာပေဖတ်ရှုရန်၊ စာပေငှားရမ်းရန် ဖွင့်လှစ်ထားရှိသည့် နေရာ သို့မဟုတ် အဆောက်အအုံကိုဆိုသည်။ ယင်းစကားရပ်တွင် အများပြည်သူတို့အတွက် ရည်ရွယ်၍ ဖွင့်လှစ်ထားသည့် စာကြည့်တိုက်၊ ပိဋကတ်တိုက်၊ စာကြည့်ခန်း၊ စာဖတ်ခန်း၊ စာကြည့်အသင်းနှင့် အများပြည်သူတို့ စာပေဖတ်ရှုရန်၊ စာပေငှားရမ်းရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားသည့် သို့မဟုတ် စာကြည့်တိုက်အဖြစ် အသိအမှတ်ပြုထားသည့် အခြားအလားတူနေရာ၊ အခန်း၊ အဆောက်အအုံနှင့် ယာဉ်တစ်မျိုးမျိုးဖြင့် လှည့်လည်ငှားရမ်းသည့် ရွေ့လျားစာကြည့်တိုက်များလည်းပါဝင်သည်။

(စ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော တိုင်းဒေသကြီး ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

Myanmar Law Information System (MLIS)

(ဆ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဇ) **စာပေ** ဆိုသည်မှာ မည်သည့်ဘာသာစကားဖြင့်မဆို ရေးသားထားသည့် သို့မဟုတ် ပုံနှိပ်ထားသည့် လက်ရေးစာ၊ ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ ပုံနှိပ်စာ၊ စာအုပ်၊ စာအုပ်အစိတ်အပိုင်း၊ စာတမ်း၊ စာရွက်အပြင် တသီးတခြားချုပ်လုပ်ပုံနှိပ်ထားသည့် သို့မဟုတ် ကျောက်ပုံနှိပ်ထားသည့် သို့မဟုတ် အခြားနည်းဖြင့် ပြုလုပ်ထားသည့် တူရိယာတီးကွက်ပုံ၊ မြေပုံ၊ နယ်ပုံ၊ ရုပ်ပုံနှင့် ပုံစံအားလုံးလည်း ပါဝင် သည်။

(ဈ) **မှတ်ပုံတင်သက်သေခံလက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကော်မတီက ထုတ်ပေးသည့် မှတ်ပုံတင် သက်သေခံလက်မှတ်ကို ဆိုသည်။

(ည) **ရန်ပုံငွေ** ဆိုသည်မှာ ပြတိုက်နှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့နိုင်ရန် အလို့ငှာ ဤဥပဒေအရ တည်ထောင်သောရန်ပုံငွေကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြတိုက်နှင့် စာကြည့်တိုက်များပေါ်ပေါက်လာစေရန်နှင့် ခေတ်ကာလနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာ စေရန်၊

(ခ) ပြည်သူများ အလွယ်တကူစာပေလေ့လာဖတ်ရှုနိုင်ပြီး အသိပညာဗဟုသုတများ တိုးပွားလာစေရန် နှင့် ပညာရေးနှင့် သုတေသနလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန်၊

(ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အစဉ်လေ့လာသင်ယူသော လူ့ဘောင်အဖွဲ့ အစည်း ဖြစ်ထွန်းတိုးတက်လာစေရန်၊

(ဃ) ပြည်သူများရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းတန်ဖိုးထားတတ်လာစေရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီးပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီကို အောက်ပါ အတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော်မှသက်ဆိုင်ရာရေးရာကော်မတီဥက္ကဋ္ဌ | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီးပညာရေးမှူး၊ အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |

Myanmar Law Information System (MLIS)

တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(စ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(ဆ) ပြတိုက်နှင့် စာကြည့်တိုက် ကျွမ်းကျင်ပညာရှင်နှစ်ဦး — အဖွဲ့ဝင်

(ဇ) ပုံနှိပ်နှင့်ထုတ်ဝေရေးလုပ်ငန်းရှင်များမှ ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်

(ဈ) မြန်မာနိုင်ငံသတင်းစာဆရာများအသင်း (မကွေးတိုင်းဒေသကြီး) မှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ည) တိုင်းဒေသကြီးအတွင်းရှိ စာပေဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်သုံးဦး — အဖွဲ့ဝင်

(ဋ) ပြတိုက်နှင့် စာကြည့်တိုက်လုပ်ငန်းများကို စိတ်ဝင်စားသည့်ပုဂ္ဂိုလ်နှစ်ဦး — အဖွဲ့ဝင်

(ဌ) ပြတိုက်နှင့် စာကြည့်တိုက်လုပ်ငန်းများကို စိတ်ဝင်စားသည့်နည်းပညာ ကျွမ်းကျင်သူတစ်ဦး — အဖွဲ့ဝင်

(ဍ) တိုင်းဒေသကြီးဦးစီးမှူး — အတွင်းရေးမှူး
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဎ) တိုင်းဒေသကြီးဦးစီးမှူး — တွဲဖက်အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

၅။ အစိုးရအဖွဲ့သည် လိုအပ်ပါက ကော်မတီ၏ ဖွဲ့စည်းပုံနှင့် အရေအတွက်တို့ကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥပဒေ၏ရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သောမူဝါဒများ၊ လုပ်ငန်းစီမံချက်များနှင့် လမ်းညွှန်ချက်များချမှတ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်း၊

(ခ) ပြတိုက်နှင့် စာကြည့်တိုက်များအား ရန်ပုံငွေထောက်ပံ့ကူညီနိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်ပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ပြတိုက်နှင့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် အရင်းအမြစ်ပစ္စည်းများတိုးပွားရေးဆောင်ရွက်ခြင်း၊

(ဃ) ဒေသဆိုင်ရာကော်မတီက တင်ပြလာသော မှတ်ပုံတင်သက်သေခံလက်မှတ် လျှောက်ထားချက်များကို စိစစ်ခြင်း၊ မှတ်ပုံတင်သက်သေခံလက်မှတ်များ ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း၊

(င) ဒေသဆိုင်ရာကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊

(စ) လုပ်ငန်းကျွမ်းကျင်မှုနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊

(ဆ) ဒေသဆိုင်ရာကော်မတီများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ခေါ်ယူကျင်းပခြင်း၊

(ဇ) ရန်ပုံငွေထောက်ပံ့ပေးရေး အခြေခံစံနှုန်းများ သတ်မှတ်အတည်ပြုခြင်း၊

Myanmar Law Information System (MLIS)

(ဈ) ပြတိုက်လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကိုလည်းကောင်း၊ စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကိုလည်းကောင်း တာဝန်ပေးအပ်ခြင်း၊

(ည) မှတ်ပုံတင်သက်သေခံလက်မှတ်ထုတ်ပေးရေး စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ဋ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၄)

## ဒေသဆိုင်ရာကော်မတီများဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဒေသဆိုင်ရာ ကော်မတီများကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က) **ခရိုင်ပြတိုက်နှင့် စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ခရိုင်အုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ခရိုင်ပညာရေးမှူး | အဖွဲ့ဝင် |
| (၃) | ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဦးစီးမှူး | အဖွဲ့ဝင် |
| (၄) | ပြတိုက်နှင့် စာကြည့်တိုက်လုပ်ငန်းစိတ်ဝင်စားသူသုံးဦး | အဖွဲ့ဝင် |
| (၅) | စာပေဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်လေးဦး | အဖွဲ့ဝင် |
| (၆) | ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူး | အတွင်းရေးမှူး |

(ခ) **မြို့နယ်ပြတိုက်နှင့် စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ပညာရေးမှူး | အဖွဲ့ဝင် |
| (၃) | မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဦးစီးမှူး | အဖွဲ့ဝင် |
| (၄) | မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ | အဖွဲ့ဝင် |
| (၅) | ပြတိုက်နှင့် စာကြည့်တိုက်လုပ်ငန်းစိတ်ဝင်စားသူသုံးဦး | အဖွဲ့ဝင် |
| (၆) | စာပေဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်သုံးဦး | အဖွဲ့ဝင် |
| (၇) | မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူး | အတွင်းရေးမှူး |

(ဂ) **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြတိုက်နှင့် စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ပညာရေးဝန်ထမ်းတစ်ဦး | အဖွဲ့ဝင် |
| (၃) | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေး | အဖွဲ့ဝင် |
| (၄) | ရာအိမ်မှူး သို့မဟုတ် ကျေးရွာတာဝန်ခံများ | အဖွဲ့ဝင် |
| (၅) | ပြတိုက်နှင့် စာကြည့်တိုက်လုပ်ငန်းများ စိတ်ပါဝင်စားသူနှစ်ဦး | အဖွဲ့ဝင် |

Myanmar Law Information System (MLIS)

(၆) ပြတိုက်နှင့် စာကြည့်တိုက်လုပ်ငန်းများ စိတ်ပါဝင်စားသူတစ်ဦး အတွင်းရေးမှူး

၈။ ခရိုင်ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကော်မတီ၏ လမ်းညွှန်ချက်ဖြင့် မြို့နယ် ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီများကို ဖွဲ့စည်းခြင်း၊

(ခ) ခရိုင်အတွင်းရှိ ပြတိုက်နှင့် စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးကြပ်ခြင်း၊

(ဂ) ခရိုင်အတွင်းရှိ ပြတိုက်နှင့် စာကြည့်တိုက်များ ရန်ပုံငွေအထောက်အပံ့ရရှိရေး စိစစ်ထောက်ခံတင်ပြ ခြင်းနှင့် အခြားအထောက်အပံ့ရရှိရေး ကူညီဆောင်ရွက်ခြင်း၊

(ဃ) မြို့နယ် ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက တင်ပြလာသည့် မှတ်ပုံတင် သက်သေခံလက်မှတ် လျှောက်ထားချက်များကို စိစစ်၍ ကော်မတီသို့ တင်ပြခြင်း၊

(င) မြို့နယ်ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး များခေါ်ယူကျင်းပခြင်း၊

(စ) ကော်မတီက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ မြို့နယ် ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ခရိုင်ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၏ လမ်းညွှန်ချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီများကို ဖွဲ့စည်းခြင်း၊

(ခ) မြို့နယ်အတွင်းရှိ ပြတိုက်နှင့် စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးကြပ်ခြင်း၊

(ဂ) မြို့နယ်အတွင်းရှိ ပြတိုက်နှင့် စာကြည့်တိုက်များအား ရန်ပုံငွေအထောက်အပံ့ ရရှိရေးအတွက် စိစစ်ထောက်ခံတင်ပြခြင်းနှင့် အခြားအထောက်အပံ့ရရှိရေး ကူညီဆောင်ရွက်ခြင်း၊

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက တင်ပြလာသည့် မှတ်ပုံတင်သက်သေခံလက်မှတ် လျှောက်ထားချက်များကို စိစစ်၍ ခရိုင်ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီသို့ တင်ပြခြင်း၊

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ခေါ်ယူကျင်းပခြင်း၊

(စ) ခရိုင်ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ပြတိုက်နှင့် စာကြည့်တိုက်များ ပေါ်ပေါက်လာစေရေး စည်းရုံးကူညီခြင်း၊

Myanmar Law Information System (MLIS)

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ပြတိုက်နှင့် စာကြည့်တိုက်များမှ မှတ်ပုံတင်သက်သေခံ လက်မှတ် လျှောက်ထားချက်များကို စိစစ်၍ မြို့နယ်ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီသို့ ထောက်ခံတင်ပြခြင်း၊

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ပြတိုက်နှင့် စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးကြပ်ခြင်း၊

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ပြတိုက်နှင့် စာကြည့်တိုက်များ ရန်ပုံငွေ အထောက်အပံ့ ရရှိရေး ထောက်ခံတင်ပြခြင်းနှင့် အခြားအထောက်အပံ့ရရှိရေး ကူညီဆောင်ရွက်ခြင်း၊

(င) မြို့နယ် ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)

## မှတ်ပုံတင်သက်သေခံလက်မှတ်

၁၁။ ပြတိုက်နှင့် စာကြည့်တိုက် ဖွင့်လှစ်တည်ထောင်လိုသူသည် ပြတိုက် သို့မဟုတ် စာကြည့်တိုက် ကော်မတီတစ်ရပ်ကို ဒေသအခြေအနေအရ သင့်လျော်သည့် ဖွဲ့စည်းပုံအင်အားဖြင့် ဖွဲ့စည်းပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီမှတစ်ဆင့် မြို့နယ် ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင် သက်သေခံလက်မှတ် လျှောက်ထားရမည်။

၁၂။ မြို့နယ် ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီသည် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက ထောက်ခံတင်ပြလာသော မှတ်ပုံတင် သက်သေခံလက်မှတ် လျှောက်ထားချက်များကို စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ခရိုင်ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီသို့ တင်ပြရမည်။

၁၃။ ခရိုင်ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီသည် မြို့နယ်ပြတိုက်နှင့် စာကြည့်တိုက် များကြီးကြပ်ရေးကော်မတီက တင်ပြလာသော မှတ်ပုံတင်သက်သေခံလက်မှတ် လျှောက်ထားချက်များ ကို စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ကော်မတီသို့ တင်ပြရမည်။

၁၄။ ကော်မတီသည် ခရိုင်ပြတိုက်နှင့် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက တင်ပြလာသော မှတ်ပုံတင်သက်သေခံလက်မှတ် လျှောက်ထားချက်များကို စိစစ်၍ သတ်မှတ်စည်းကမ်းနှင့် ညီညွတ်ပါက မှတ်ပုံတင်သက်သေခံလက်မှတ် ထုတ်ပေးရမည်။

## အခန်း (၆)

## ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၁၅။ ကော်မတီသည် ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည်-

(က) အစိုးရအဖွဲ့မှ ထောက်ပံ့ငွေ၊

Myanmar Law Information System (MLIS)

(ခ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများမှ ထောက်ပံ့လှူဒါန်းငွေများ၊

(ဂ) ပြည်တွင်း ပြည်ပရှိစေတနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေများ၊

(ဃ) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေများ။

၁၆။ ကော်မတီသည် ရန်ပုံငွေထိန်းသိမ်းသုံးစွဲရေး လုပ်ငန်းကော်မတီဖွဲ့စည်းပြီး တာဝန်များ သတ်မှတ်နိုင်သည်။

၁၇။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရန်ပုံငွေကို အောက်ပါကိစ္စရပ်များတွင် သုံးစွဲနိုင်သည်-

(က) ပြတိုက်နှင့် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ရေးအတွက်လည်းကောင်း၊ အရင်းအမြစ်ပစ္စည်းများနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း ဒေသဆိုင်ရာကော်မတီ၏ ထောက်ခံတင်ပြချက်အပေါ် စိစစ်ရွေးချယ်၍ ရန်ပုံငွေထောက်ပံ့ပေးရေးအစီအစဉ်များ ချမှတ်ခြင်း၊

(ခ) အောင်မြင်အောင် ဆောင်ရွက်နိုင်သည့်ပြတိုက် သို့မဟုတ် စာကြည့်တိုက်များအား ဂုဏ်ပြုချီးမြှင့်ခြင်း၊

(ဂ) သင်တန်းများ ဖွင့်လှစ်ခြင်း၊ ဆွေးနွေးပွဲများနှင့် အစည်းအဝေးပွဲများ ကျင်းပခြင်း၊

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်နှင့် ဒေသဆိုင်ရာကော်မတီဝင်များ၏ လုပ်ငန်းကိစ္စနှင့် ပတ်သက်သော အမှန်ကုန်ကျသည့် ခရီးစရိတ်များကျခံခြင်း၊

(င) လုပ်ငန်းနှင့်ဆက်နွှယ်သော အခြားကိစ္စရပ်များဆောင်ရွက်ခြင်း။

၁၈။ ကော်မတီသည် ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းပြုစုခြင်း၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူခြင်း၊ ငွေစာရင်းဆိုင်ရာနှင့် ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း (၇)

## တားမြစ်ချက်များ

၁၉။ မှတ်ပုံတင်သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမပြုရ။

၂၀။ ရန်ပုံငွေမှ ထောက်ပံ့ငွေများကို မသက်ဆိုင်သည့်ကိစ္စရပ်များအတွက် သုံးစွဲခြင်းမပြုရ။

## အခန်း (၈)

## စီမံခန့်ခွဲရေးနည်းလမ်းများအရ အရေးယူခြင်း

၂၁။ ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

Myanmar Law Information System (MLIS)

(ခ) ရန်ပုံငွေထောက်ပံ့မှုရပ်ဆိုင်းခြင်းနှင့် ထောက်ပံ့ပြီးငွေများ ပြန်လည်ပေးလျော်စေခြင်း၊

(ဂ) မှတ်ပုံတင်သက်သေခံလက်မှတ် ရုပ်သိမ်းခြင်း။

**အခန်း (၉)**

**အထွေထွေ**

၂၂။ ကော်မတီနှင့် ဒေသဆိုင်ရာ ကော်မတီများသည် မိမိတို့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးများသို့ သင့်လျော်သည့်ပုဂ္ဂိုလ်များအား ဖိတ်ကြားနိုင်သည်။

၂၃။ ကော်မတီနှင့် ဒေသဆိုင်ရာ ကော်မတီများသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်အခါ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများထံမှ အကူအညီတောင်းခံနိုင်သည်။

၂၄။ တိုင်းဒေသကြီးအတွင်း အစိုးရဌာနများ၊ အစိုးရနှင့် အစိုးရအသိအမှတ်ပြု တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ နည်းပညာသိပ္ပံကျောင်းများ၊ အခြေခံပညာကျောင်းများရှိ ပြတိုက်နှင့် စာကြည့်တိုက်များ သည် ဤဥပဒေအရ မှတ်ပုံတင်သက်သေခံလက်မှတ် လျှောက်ထားရယူခြင်းကိစ္စရပ်များနှင့် အကျုံးဝင်ခြင်းမရှိစေရ။

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးသည် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဒေါက်တာအောင်မိုးညို

ဝန်ကြီးချုပ်

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

Myanmar Law Information System (MLIS)